## ရည်ရွယ်ချက်

❖ လစာဝင်ငွေခွန်ပေးဆောင်ထိုက်သူများအနေဖြင့် လစာဝင်ငွေခွန်ပေးဆောင်ရာတွင် သိရှိလိုက်နာရမည့် လုပ်ငန်းစဉ်များအား သိရှိနားလည်ပြီး ရှင်းလင်းလွယ်ကူစွာ ပေးဆောင်နိုင်ရန်ဖြစ်ပါသည်။

## လစာ

❖ လစာဆိုရာတွင် မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်ခ အားလုံး အကျုံးဝင်ပါသည်။

## လစာဝင်ငွေခွန်ပေးဆောင်ရမည့်သူ

❖ နှစ်တစ်နှစ်အတွင်း လစာဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် လစာဝင်ငွေခွန်ပေးဆောင်ရပါမည်။

❖ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်လစာရရှိသော ပြည်ပနေနိုင်ငံသားများအနေဖြင့် ၁-၁၀-၂၀၂၃ ရက်နေ့မှစတင်၍ လစာဝင်ငွေခွန်ပေးဆောင်ရပါမည်။

## လစာဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသူများ

❖ နှစ်တစ်နှစ်အတွင်း လစာဝင်ငွေကျပ် ၄၈ သိန်းအထိသာ ရရှိသူဖြစ်လျှင် လစာဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိပါမည်။

## ပေးသွင်းရမည့် ငွေကြေးအမျိုးအစား

❖ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် လစာဝင်ငွေခွန်ပေးဆောင်ရမည်။

## လစာဝင်ငွေခွန်ပေးဆောင်နိုင်သည့် နည်းလမ်းများ

❖ အခွန်ထမ်းပြည်သူများအနေဖြင့် လစာဝင်ငွေခွန်ပေးဆောင်ရာတွင် အောက်ပါနည်းလမ်းများဖြင့် ပေးဆောင်နိုင်ပါသည်-

- ➢ အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးဆောင်ခြင်း၊
- ➢ ငွေသား၊ ချက်လက်မှတ်ဖြင့် ပေးဆောင်ခြင်း။

## သက်သာခွင့်များ

❖ အခြေခံသက်သာခွင့် - စုစုပေါင်းဝင်ငွေ၏၂၀%
(ကျပ်သိန်း ၁၀၀ ထက် မပိုစေရ)

❖ အတူနေမိဘတစ်ဦးလျှင် - ကျပ် ၁၀ သိန်းစီ



(ဝင်ငွေနှစ်အတွင်း မိမိနှင့်အတူနေသည့်(သို့) မိမိက စရိတ်ထောက်ပံ့ထားရသည့် ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသည့်မိဘ၊ ယောက္ခမတို့ပါဝင်ပါသည်။)

❖ အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ကျပ် ၁၀ သိန်း

❖ သားသမီးတစ်ဦးလျှင် - ကျပ် ၅ သိန်းစီ
(အိမ်ထောင်မရှိ/ ဝင်ငွေခွန်ထိုက်သင့်သည့်ဝင်ငွေမရရှိသူ/ အသက်(၁၈)နှစ်အောက်/ အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသူ)

❖ အသက်အာမခံအတွက်ပေးသွင်းသည့် ပရီမီယံ
(အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက်)

❖ လူမှုဖူလုံရေးရန်ပုံငွေသို့အမှန်ထည့်ဝင်သည့်ငွေ(အခွန်ထမ်းအတွက်သာ)

## လစာဝင်ငွေခွန်နှုန်း

❖ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်လျှင် နှစ်တစ်နှစ်အတွင်း ရရှိသည့် စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် ဇယားပါဝင်ငွေခွန်နှုန်းထားဖြင့် တွက်ချက်၍လည်းကောင်း၊

❖ ပြည်ပနေနိုင်ငံသားဖြစ်လျှင် နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် ဇယားပါဝင်ငွေခွန်နှုန်းထားဖြင့် တွက်ချက်၍လည်းကောင်း၊ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍လည်းကောင်း၊ ယင်းနည်းလမ်း (၂)ရပ်အနက် နည်းရာဝင်ငွေခွန်နှုန်းထားဖြင့်လည်းကောင်း၊

❖ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက နှစ်တစ်နှစ်အတွင်း ရရှိသည့်စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဇယားပါဝင်ငွေခွန်နှုန်းထားဖြင့် တွက်ချက်၍လည်းကောင်း ကျသင့်အခွန်ကိုပေးဆောင်ရပါမည်-

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | နှုန်း | ကျသင့်အခွန် (ကျပ်) | အဆင့်ဆင့် ကျသင့်အခွန် (ကျပ်) |
|---|---|---|---|---|---|
| | မှ(ကျပ်) | ထိ(ကျပ်) | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀% | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅% | ၄၀၀,၀၀၀ | ၄၀၀,၀၀၀ |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀% | ၂,၀၀၀,၀၀၀ | ၂,၄၀၀,၀၀၀ |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅% | ၃,၀၀၀,၀၀၀ | ၅,၄၀၀,၀၀၀ |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀% | ၄,၀၀၀,၀၀၀ | ၉,၄၀၀,၀၀၀ |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅% | - | ၉,၄၀၀,၀၀၀ + |

❖ **နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ဖော်ပြပါ အခွန်နှုန်းများမှာ အပြောင်းအလဲရှိနိုင်ပါသည်။**



## အခွန်တွက်ချက်ခြင်း

❖ ဦးလှသည် A ကုမ္ပဏီတွင် လစာနှုန်း ဒေါ်လာ ၂,၀၀၀ ဖြင့် ၁-၄-၂၀၂၃ ရက်နေ့ မှစ၍ မန်နေဂျာအဖြစ် စတင်လုပ်ကိုင်ခဲ့ပါသည်။ ၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိကာလအတွင်း အလုပ်ပျက်ရက်မရှိ ကြိုးစားသူဖြစ်သဖြင့် ဆုကြေး ဒေါ်လာ ၁,၀၀၀ ရရှိပါသည်။ ဦးလှတွင် အတူနေမိဘ (၂)ဦး၊ မှီခိုသူဇနီး နှင့် ကျောင်းတက်နေသည့် သားသမီး(၂)ဦးရှိပါသည်။ နှစ်တစ်နှစ်အတွင်း ဦးလှနှင့် အိမ်ထောင်ဖက်အတွက် ပေးသွင်းရမည့် အသက်အာမခံပရီမီယံမှာ ၂၀၀,၀၀၀ကျပ် နှင့် ဦးလှထည့်ဝင်သည့် လူမှုဖူလုံရေးရန်ပုံငွေမှာ ၃၆၀,၀၀၀ကျပ် ဖြစ်ပါသည်။
(လစာဝင်ငွေခွန်ဖြတ်တောက်ပေးသွင်းခဲ့သည့် နေ့အသီးသီးရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၂,၁၀၀ ကျပ် ဖြစ်ပါသည်။)
မှတ်ချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေလဲလှယ်နှုန်းသည် အပြောင်းအလဲရှိနိုင်ပါသည်။

**တွက်ချက်ပုံ(နမူနာ)**

၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိ (၁၂)လအတွင်း ဦးလှ ပေးဆောင်ရမည့် လစာဝင်ငွေခွန်မှာ-

| | | |
|---|---|---|
| ဦးလှရရှိမည့် အခြေခံလစာဝင်ငွေ(USD ၂,၀၀၀ x ၁၂ လ) | = | ၂၄,၀၀၀ USD |
| တစ်နှစ်အတွင်း ဦးလှ ရရှိမည့် ဆုကြေး | = | ၁,၀၀၀ USD |
| **တစ်နှစ်စာရရှိမည့် လစာခေါင်းစဉ်မှဝင်ငွေ** | **=** | **၂၅,၀၀၀ USD** |
| **(၂၅,၀၀၀ USD x ၂,၁၀၀ ကျပ်)** | **=** | **၅၂,၅၀၀,၀၀၀ ကျပ်** |

**(နုတ်) သက်သာခွင့်ပြုငွေများ**

| | | |
|---|---|---|
| အခြေခံသက်သာခွင့် (၅၂,၅၀၀,၀၀၀ ကျပ် x၂၀%) | = | ၁၀,၀၀၀,၀၀၀ ကျပ် |
| အတူနေမိဘအတွက်သက်သာခွင့် | = | ၂,၀၀၀,၀၀၀ ကျပ် |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ ကျပ် |
| သားသမီး(၂)ဦးအတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ ကျပ် |
| ဦးလှနှင့်အိမ်ထောင်ဖက်အတွက် အသက်အာမခံပေးသွင်းငွေ | = | ၂၀၀,၀၀၀ ကျပ် |
| ဦးလှထည့်ဝင်သည့် လူမှုဖူလုံရေးရန်ပုံငွေ | = | ၃၆၀,၀၀၀ ကျပ် |
| သက်သာခွင့်စုစုပေါင်း | = | (၁၄,၅၆၀,၀၀၀) ကျပ် |
| **အခွန်စည်းကြပ်ရန်ဝင်ငွေ** | **=** | **၃၇,၉၄၀,၀၀၀ ကျပ်** |
| **တစ်နှစ်အတွက် ကျသင့်အခွန်** | **=** | **၃,၅၉၁,၀၀၀ ကျပ်** |
| **တစ်နှစ်အတွက် ကျသင့်အခွန်(USD) (၃,၅၉၁,၀၀၀ ကျပ်/ ၂၁၀၀ ကျပ်)** | **=** | **၁,၇၁၀ USD** |
| **လစဉ်နုတ်ယူရမည့် ဝင်ငွေခွန်(၁,၇၁၀ USD/၁၂လ)** | **=** | **၁၄၃ USD** |

**အခွန်တွက်ချက်ခြင်း**

| | | |
|---|---|---|
| **၁ မှ ၂,၀၀၀,၀၀၀ အထိ (၂,၀၀၀,၀၀၀x၀%)** | **=** | **၀ ကျပ်** |
| **၂,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀အထိ(၈,၀၀၀,၀၀၀x၅%)** | **=** | **၄၀၀,၀၀၀ ကျပ်** |
| **၁၀,၀၀၀,၀၀၁ မှ ၃၀,၀၀၀,၀၀၀ အထိ(၂၀,၀၀၀,၀၀၀x၁၀%)** | **=** | **၂,၀၀၀,၀၀၀ ကျပ်** |
| **၃၀,၀၀၀,၀၀၁ မှ ၃၇,၉၄၀,၀၀၀ အထိ(၇,၉၄၀,၀၀၀x၁၅%)** | **=** | **၁,၁၉၁,၀၀၀ ကျပ်** |

## ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

- လစာထုတ်ပေးရန်တာဝန်ရှိသူသည် တစ်နှစ်အတွက် ကျသင့်သည့်လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်၍ လစာထုတ်ပေးသည့် အချိန်တွင် အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့် နုတ်ယူပြီး နုတ်ယူထားသည့်နေ့မှ(၁၅) ရက်အတွင်းပေးသွင်းရမည်။
- အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးသွင်းခြင်းဖြစ်ပါက-
  - သတ်မှတ်ထားသော Excel Template တွင် တစ်ဦးချင်းစာရင်းကို ဖြည့်သွင်းရန် လိုအပ်ပါမည်၊

Excel File Sample

Payment for PAYE (Attached List)

Employer Name- DEF Company Limited

TIN - 500394589

| Record Number | Employee Name | NRC No (if) | | | Employee Address | Passport No (if) | Position | End Date of Period covered by Payment (DD-MM-YYYY) | Tax Period | Income Year | Salary for Period (Kyat) | Allowances claimed by Employee | Amount Withheld (Kyat) | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Moe Moe Naing | 4/ HAKHANA | (N) | 042297 | No-1,Yankin street,Yangon | - | Accountant | 31-07-2020 | JULY | 2020 | 2000000 | 1000000 | 20000 | |
| 2 | Win Pa Pa | 5/ KHAPANA | (N) | 001299 | No-34,Min Lann,Yangon | - | Manager | 31-07-2020 | JULY | 2020 | 3000000 | 1200000 | 23000 | |
| 3 | Khaig Myo Thein | 5/ BATALA | (N) | 052287 | 9/67KanTharYar Township,Mand | - | Programmer | 31-07-2020 | JULY | 2020 | 2500000 | 1600000 | 22000 | |
| 4 | Nay Myo Aung | 4/ PALAWA | (N) | 143987 | 5/75,AyeTharYar Township,Taunn | - | Cashier | 31-07-2020 | JULY | 2020 | 190000 | 150000 | 15000 | |
| 5 | hunn Lae Mhuu Nain | 6/ KASANA | (N) | 032265 | No-8,34Shwe Lann,Yangon | - | Production Manager | 31-07-2020 | JULY | 2020 | 800000 | 1000000 | 12000 | |

  - ဖော်ပြပါ Excel Template ကို IRD Website ဖြစ်သော www.ird.gov.mm ၏ Home Page>> Media တွင် Download ရယူနိုင်သည့်အပြင် Home Page ၏ Search Box တွင်လည်း Excel Template ဟုရိုက်၍ Download ရယူနိုင်ပါသည်၊
  - အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးသွင်းနိုင်သည့် ပုဂ္ဂလိကဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရပါမည်၊
  - အလုပ်ရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် (9 Digit TIN)ကို အသုံးပြု၍ အခွန်ပေးဆောင်ရမည်၊
  - ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ပေးသွင်းမှုအထောက်အထား (e-Tax Payment Receipt) ပေးပို့နိုင်ရန်အတွက် ဆက်သွယ်ရမည့် သီးခြားအတည်ပြုသတ်မှတ်ထားသည့် e-mail Address နှင့် ဖုန်းနံပါတ်တို့ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ထားရမည်၊
  - Excel Format ဖြင့် ဖြည့်သွင်းထားသော Excel File Soft Copy အား ကုမ္ပဏီအခွန်စည်းကြပ်သည့် သက်ဆိုင်ရာရုံးသို့ e-mail ဖြင့်သော်လည်းကောင်း၊ သင့်လျော်ရာနည်းလမ်းဖြင့်သော်လည်းကောင်း လစဉ်မပျက်မကွက် ပေးပို့ရမည်(ထိုသို့ပေးပို့ပြီးပါက ပတခ(ဝင)-၀၃-၀၆(က) ထပ်မံပေးပို့ရန် မလိုအပ်ပါ)။

**အခွန်ပေးသွင်းပြီးနောက် Excel File ပါအချက်အလက်များ မှားယွင်းမှုတစ်စုံတစ်ရာရှိပါက လုပ်ဆောင်ရမည့်အချက်များ**

၁။ သက်ဆိုင်ရာလအတွင်း တွေ့ရှိပါက လကုန်ရက်မတိုင်မီ(၃)ရက် ကြိုတင်ကာ စည်းကြပ်သည့်အခွန်ရုံးသို့ ဆက်သွယ်၍ အမှားပြင်ဆင်ချက် လျှောက်ထားရပါမည်။

၂။ အခွန်ပေးသွင်းရာတွင် TIN မှားယွင်းဖြည့်သွင်းခြင်းကြောင့် ပေးဆောင်သည့် အခွန်ရုံးလွဲမှားကြောင်းတွေ့ရှိပါက သက်ဆိုင်ရာအခွန်ရုံးသို့ နေ့ချင်းအကြောင်းကြား၍ မိမိအခွန်ပေးသွင်းခဲ့သည့် ဘဏ်သို့လည်း ချက်ချင်းဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။



- ငွေသား/ ချက်လက်မှတ်ဖြင့် ပေးသွင်းခြင်းဖြစ်ပါက-
  - နိုင်ငံပိုင်ဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားရှိသည့် ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် ချက်လက်မှတ်ကိုအသုံးပြု၍ စာရင်းပြောင်း(Transfer)၊ စာရင်းရှင်း(Clearing)နည်းလမ်းများဖြင့် ပေးဆောင်နိုင်သည့်အပြင် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်းချလန်ဖြင့်လည်းပေးသွင်းနိုင်ပါသည်၊
  - ဝင်ငွေခွန်လစဉ်နုတ်ယူသောစာရင်း ပတခ(ဝင)-၀၃-၀၆ကို လစာဝင်ငွေခွန်နုတ်ယူထားသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးသို့ လစဉ်မပျက်မကွက် ပေးပို့ရမည်။
- လစာထုတ်ပေးရန်တာဝန်ရှိသူသည် လစာနှစ်ချုပ်စာရင်း ပတခ(ဝင)-၀၃-၀၇ (သို့) ပတခ(ဝင)-၀၃-၀၇(က) အား ဝင်ငွေနှစ်ကုန်ဆုံးပြီး (၃)လ အတွင်း သက်ဆိုင်ရာအခွန်စည်းကြပ်မှုခံယူသည့် အခွန်ရုံးသို့ နှစ်စဉ် ပေးပို့ရမည်။
- အခွန်ထမ်းကုမ္ပဏီ/ အဖွဲ့အစည်း၏ လစာထုတ်ပေးရန်တာဝန်ရှိသူသည် လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် ပတခ(ဝင)-၁၅(က)တွင် အချက်အလက်များ ပြည့်စုံစွာ ရေးသွင်းပြီး လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းခံရသူများသို့ နှစ်စဉ်ထုတ်ပေး၍ မူရင်းခွဲအား မှတ်တမ်းထားရှိရမည်။
- အခြေပစ္စည်း ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ အခြားတစ်နည်းနည်းဖြင့် ရယူခြင်း ဆောင်ရွက်သည့်အခါ ဝင်ငွေရလမ်းတင်ပြရာတွင် ယခင်အသုံးပြုခဲ့သည့် **အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်** ကဲ့သို့ **လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် ပတခ(ဝင)-၁၅(က)**ကိုလည်း တင်ပြနိုင်ပါသည်။
- ပြည်ပနေနိုင်ငံသားဖြစ်ပါက **ပြည်ပနေနိုင်ငံသား၏လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် ပတခ(ဝင)-၁၀-၀၁ (သို့) ပတခ(ဝင)-၁၀-၀၁(က)**ကိုလည်းတင်ပြနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက သတင်းအချက်အလက်နည်းပညာဌာနခွဲ(e-Payment Section)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၇၉၀၂၁(e-Filing Section) ဖုန်း-၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅ (သို့) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ ၁၂၈/၁၃၂(ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ (သို့) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ (သို့) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ (သို့) သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ သိကောင်းစရာများ




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**“Tax by the Law, Service by our Heart”**